**အောင်မြင်ခြင်း၏ လျှို့ဝှက်ချက်။ ဘုရားရှင်၏ အလို တော်ကို ရွေးချယ်ပြီး ၎င်းကို အလျှော့ပေး အညံ့ခံပါ။**

**ဘု**ရားသခင်သည် မိမိတို့အား လွတ်လပ်သော စိတ်ဆန္ဒကိုပေးထားသည်။ သို့သော် သူ့အတွက်အောင်မြင်ဖို့ရာ သို့မဟုတ် သူမိမိတို့ကို ပျော်ရွှင်စေချင်သလောက် ပျော်ရွှင်နိုင်ရန်အတွက်ပင်လျှင် မိမိတို့သည် ထိုအလိုဆန္ဒကို အစဉ်မပြတ် သူ၏အလိုတော်၌ အလျှော့ပေးရမည်ဖြစ်သည်။ မိမိတို့အတွက် သူ၏အလိုတော်က မည်သည်ဖြစ်ကြောင်း အခြားသူများနှင့် မိမိတို့အတွက် သူသိရှိသည့် အကောင်းဆုံးဆိုသောအရာကို သူ့ထံမှရှာဖွေဖေါ်ထုတ်ပြီး ထိုအရာကို ရွေးချယ်ဘို့ဖြစ်သည်။

ဘုရားသခင်၏ အလိုတော်ကိုတွေ့ရှိပြီး ရွေးချယ်ပါက သူသည် သင်ရှိရာသို့လက်လှမ်းပြီး သင့်ကိုချုပ်ကိုင်ခါ သင့်အား သူသွားစေလိုသည့်နေရာသို့ ရွှေ့လျားစေလိမ့်မည်။ သခင်ဘုရားအတွက် လူတိုင်းတွင် သူတို့၏နေရာနှင့် အလုပ်ရှိရာ စစ်ဘုရင်ခုံပေါ်မှ အရုပ်ကလေးများသဖွယ် ဖြစ်သည်။ ထိုစစ်ဘုရင် အရုပ်ကလေးများတွင် ကိုယ်ပိုင်ဆန္ဒမရှိ။ ကစားသူက ကန့်ကွက်ပြောဆိုခြင်းမပြု။ အလျှော့ပေးပြီး မိမိတို့ ပို့လိုက်သည့် နေရာသို့သာ သွားသည်မဟုတ်ပါလား? သင်သည်လည်း ထိုကစားနည်းကို ကျွမ်းကျင်ပိုင်နိုင်သည့် ဆရာကြီး၏ လက်ထဲတွင်ရှိနေရာ သူလိုချင်သည့်နေရာသို့ သင့်အားပို့ဆောင်မည်သာ ဖြစ်သောကြောင့် ဘုရားသခင်အား ယုံကြည်အားကိုး စားပါ။

သင့်အနေနှင့် အဆုံးအဖြတ်အားလုံးကို ပြုလုပ်စရာမလိုပါ။ သူ၏ အရွှေ့အပြောင်းများကို သင့်အနေနှင့် လိုက်လျော၊ အလျှော့ပေးရန်သာဖြစ်ပြီး စဉ်းစားတွေးခေါ်ခြင်းနှင့် ရွေးချယ်ခြင်းကို သူ့အားသာပြုလုပ်စေပါ။ သင်၏ အနာဂတ်အမြင်က အကန့်အသတ်ရှိသော်လည်း သူ့အနေနှင့် ကစားပွဲတစ်ပွဲလုံးကို စစ်ဘုရင်ခုံတစ်ခုလုံးနှင့် အရုပ်အားလုံးကို မြင်နိုင်သည်။ ဘုရားရှင်သည် မိမိတို့အတွက် အကောင်းဆုံးကိုသိပြီး အဓိကအားဖြင့် မိမိတို့၏ အကျိုးတရားကို အကောင်းဆုံးနှင့် အစဉ်အမြဲ အလိုတော်ရှိသည်ဖြစ်၍ ဘုရားရှင်အား ဆုံးဖြတ်ခွင့်ပေးခြင်းသည် အံ့သြဖွယ်ရာ ထူးခြားကောင်းမွန်လှသည်။